## အခန်း (၁၉)
## *Chapter 19*
## ဝေဒနာများကြီးထွားခြင်း–အလွန်ကြီးမားမှုရရှိခြင်း
## *Growing Pains – Getting Too Big*

**အပိုင်း (၁)** *(Part One)*

နှုတ်ကပတ်တော်ထဲ၌ ဖော်ပြချက်အများစုထဲတွင် အသင်းတော်သည်အလွန်ကြီးမားသော အရာကို မရရှိခဲ့ပေ။ဤလောကတွင်ဘုရားသခင်က သူ၏လူတို့ကိုချန်ထားသမျှကာလပတ်လုံး အသင်းတော်တိုးတက်ဖွံ့ဖြိုးခြင်းသည် သူ၏အမြဲတစေကျေနပ်သော အချက်ဖြစ်သည်။မှန်ကန်သော ဒေသန္တရအသင်းတော်(စစ်မှန်သောရွေးနှုတ်ခြင်းခံရသူများစုရုံးသည့်နေရာ)တွင် ဘုရားသခင်အမြဲတမ်း မျှော်လင့်သော ရည်ရွယ်ချက်သည် တိုးတက်ဖွံ့ဖြိုးမှုကို ကောင်းကြီးမင်္ဂလာအဖြစ်ကြိုဆိုရန် ဖြစ် သည်။(သမ္မာကျမ်းစာသည် ဘုရားသခင်၏စိတ်နှလုံးသားဖြစ်သော အရေအတွက်တိုးတက်များပြား ရန်အတွက် “တိုးပွါးခြင်း” ကို တွေ့ရှိရန်ရှာဖွေခြင်းဖြစ်သည်)။

သို့ရာတွင် သန့်ရှင်းသူများပုံမှန်တွေ့ဆုံသည့် လူထုပရိတ်သတ်ကြီးသည်အဘယ်သို့နည်း။ အင်အားကြီးမားသော စည်းဝေးခြင်းဖြစ်နိုင်ရန်အတွက် ဤကဲ့သို့သောစုရုံးခြင်းဖြစ်နိုင်မည်လော။ယ နေ့အသင်းတော်စုရုံးခြင်းနာမူနာပုံစံသည် ယုံကြည်နိုင်ရန်ခက်ခဲပုံရသည်။ထိုကဲ့သို့ဖြစ်ပါက အသင်းတော်တိုးတက်ကြီးထွားနိုင်မည်လော။အသင်းတော်သည် ဝိညာဉ်ရေးရာကြီးထွားရင့်ကျက်နိုင်မည် လော။မဟာစေခိုင်းခြင်းကို ပြည့်စုံနိုင်မည်လော။အသင်းတော်အင်အားတိုးတက်များပြားလေလေ သာ ၍ထက်မြက်စွာလုပ်ဆောင်နိုင်လေလေ ဖြစ်သည်မဟုတ်လော။အသင်းတော်၌ လူပေါင်းများစွာပါဝင် လေလေ ၎င်းအသင်းတော်၏အစီအစဉ်များသည် အင်အားကြီးမား၍ အောင်မြင်လေလေဖြစ်သည်။ ထို့ပြင် လိုအပ်သည့်အချိန်တွင်ဝတ်ပြုအစည်းအဝေးကိုအခါအားလျော်စွာ ကျင်းပနိုင်သည်။ဤကဲ့သို့ တိကျမှုမရှိသော လုပ်ဆောင်ချက်တို့သည် ယနေ့လူတိုင်းအသုံးပြုလျက်ရှိသည်။သို့သော် ဘုရားသ ခင်၏ အိမ်တော်၌သူ၏အလိုတော်ကို သူတို့ကအမှန်တကယ်တုံ့ပြန်မှုရှိသလော။

ခရစ်ယာန်ဘာသာဝင် တိုးတက်လာခြင်းသည် ဘုရားသခင်နှင့်မိတ်သဟာရဖွဲ့လျက်ရှိသော ယုံကြည်သူများစုရုံးစည်းဝေးခြင်းအားဖြင့် ကောင်းသောအကျင့်ကျင့်ရန်အချင်းချင်းသုခိုးခြင်းအတွက် လိုအပ်တောင့်တသော အိမ်အသင်းတော်များလည်းပါဝင်သည်။အသင်းတော်၌ ပုဂ္ဂိုလ်စွဲမရှိသော အစီစဉ်များရေးစွဲလာခြင်းကြောင့် တိုးတက်ဖွံ့ဖြိုးမှုကို လူများစွာကလက်တွေ့ခံစားလျက်ရှိသည်။ အထူးသဖြင့် သာ၍ကြီးမားသောအဖွဲ့အစည်းဖြစ်လာခဲ့သည်။(သို့မဟုတ် သူတို့သည် နဂိုမူလအခြေ အနေထက်သာ၍ အင်အားကြီးမားလာခဲ့သည်)။အသင်းတော်များစွာတိုးတက်လာပြီးသာသတာလုပ် ငန်းများစွာစီမံဆောင်ရွက်နိုင်သောကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အမှုတော်ဆောင်များစွာ မွေးထုတ်နိုင်ခြင်းအားဖြင့် အသိုင်းအဝိုင်းထဲတွင် ပဋိပက္ခများစွာတွေ့ရှိနိုင်သည်။

ကျွန်ုပ်နှင့်ကျွန်ုပ်မိသားစုအတွေ့အကြုံအရကိုယ်ပိုင်အိမ်များ၌ မကျင်းပသောအသင်းတော်များ တွေ့ဆုံဝတ်ပြုခြင်းအစည်းအဝေးများတွင် အတင်းအကျပ်စေခိုင်းမှုတွေ အများကြီးတွေ့ရသည်။ ပေါလုတောင်းဆိုမှု(၁ကော ၄း၁၆–၁၇၊ ၁၁း၁–၂၊ ၁၆၊ ၁၄း၃၃၊ဖေက် ၂း၂၀၊ဖိ၃း၁၇၊၄း၉၊ ၂သက် ၂း၁၅၊

၃း၆–၉၊ ၁တိ ၁း၁၆၊ ၁တိ ၃း၁၄–၁၅၊၂တိ ၁း၁၃)တို့သည် ယုံကြည်သူတို့က တမန်တော် များလုပ်ရှားမှုပုံစံအတိုင်းလုပ်ဆောင်ရမည်(ပေါလု၏ နာမူနာပုံစံအတိုင်း)။ထိုကဲ့သို့သောလှုပ်ရှားမှုပုံစံ သည် အသင်းတော်တွေ့ဆုံဝတ်ပြုကိုးကွယ်ခြင်းသည် နှုတ်ကပတ်တော်ပညတ်ထားသည့်အတိုင်းမ ဟုတ်သော အယူဝါဒကိုဆန့်ကျင်ရန်နိုးဆော်တိုက်တွန်းပေးထားခြင်းဖြစ်သည်။

ဘုရားသခင်၏နာမတော်အားဖြင့် စစ်မှန်သောစည်းဝေးခြင်းနည်းလမ်းသည် စိတ်လှုပ်ရှား ဖွယ်၊စိတ်ဝင်စားဖွယ်နှင့်ပျော်မွေ့ဖွယ်ရာဖြစ်သည်။ထိုကဲ့သို့ အခြေအနေ၏ဖြေသည် သင်းဝင်သူဦး ရေတိုးတက်လျက်ရှိသည်။သူတို့၏စည်းဝေးခြင်းများ ပွဲတော်များထဲ၌ သန့်ရှင်းသူတို့ကသူတို့၏ ပါဝင်လှုပ်ရှားမှုကို သန့်ရှင်းသောဝိညာဉ်တော်ကဦးဆောင်ပေးသောကြောင့် ပင်ဖြစ်သည်။ထို့ကြောင့် သူတို့သည် ကိုယ်ပိုင်အိမ်၌ စုရုံးရန်အတွက်မသင့်လျော်တော့သည့် အခြေအနေဖြစ်နိုင်ရန် လူဦးရေ တိုးတက်လာသောအခါ အသင်းတော်သည်မည်သည့်အရာကို လုပ်ဆောင်သင့်ပါသနည်း။မည်မျှ အလွန်ကြီးမားသနည်း။

သခင်ယေရှုက သူ၏တပည့်တော်များအစာရှောင်ခြင်း၌ အားနည်းချက်ကို ပြုပြင်ပြောင်းလဲ နိုင်ရန်အတွက် အသစ်နှင့်အဟောင်းစပျစ်ရည်နှင့်စပျစ်ရည်ဘူးနှင့်ခိုင်းနှိုင်းကာ ဥပမာအလင်္ကာကို အသုံးပြုထားပါသည်(သင်ခန်းစာပေးသည့်ပုံပြင်–မ–၉း၁၅၊မာကု ၂း၂၂၊လုကာ ၅း၃၇–၃၉)။ရှင်းလင်း ဆုံးကတော့ စပျစ်ရည်သည်စပျစ်ရည်ဘူးထက်ပို၍ အရေးကြီးသည်။သို့သော် မကောင်းသောစပျစ် ရည်ဘူးသည် ကောင်းသောစပျစ်ရည်ကို ပျက်ဆီးစေနိုင်ပါသည်လုပ်ဆောင်ချက်သည် တည်ဆောက် မှုပုံစံသည် စီမံကိန်းလုပ်ငန်းကိုဖျက်ဆီးစေနိုင်သည်။

ထိုကဲ့သို့ပြုခြင်းသည် ဘုရားသခင်ရည်ရွယ်ချက်များဖြစ်သော သူ၏လုပ်ဆောင်မှုများ အကောင်အထည်မဖော်နိုင်ရန်အတွက် အမြဲတမ်းနှောက်ယှက်တားဆီးပါသည်။(ထိုကြောင့်တခါတရံ မေးခွန်းတွေရှိတတ်ကြသည်)။ထိုကြောင့်သူ၏ နည်းလမ်းများကိုသင်ယူရန် ဘုရားသခင်က ကျွန်ုပ်တို့ကို ခေါ်ဖိတ်ထားပါသည်။(ဆာ ၁၅း၄၊၅၁း၁၃၊၉၅း၁၀)။ဓမ္မသစ်ကျမ်းထဲ၌ရှိသောအသင်း တော်သည် အိမ်များတွင်စုရုံသောသူများအဖြစ်အဘယ်ကြောင့် ဖော်ပြထားသည်ကို ကျွန်တော် ကောင်းမွန်စွာဖြင့်ရှင်းပြလိုပါသည်။ပေါလုက ကွက်ကွက်ကွင်းကွင်းရှင်းပြထားသော အသင်းတော် ရုံးစည်းဝေးခြင်းထဲတွင် ၎င်းနှင့်ပတ်သက်သောသော့ချက်အဖြေကို ကျွန်တော်တွေ့ရှိခဲ့ပါသည်။၎င်းစု ရုံးခြင်းထဲတွင် အရာခပ်သိမ်းတို့ကို “အသင့်လျော်ဆုံးနှင့်စနစ်အကျဆုံး” အဖြစ်ဆောင်ရွက်လျက်ရှိ သည်(၁ကော ၁၄း၄၀)။

ကောရိန္တုသြဝါဒစာပဌမစောင် ၁၄တလျှောက်ပေါလုက စနစ်ကျစွာနှင့်တိကျမှန်ကန်စွာလုပ် ဆောင်ခြင်းနှင့်ဖရိုဖရဲလုပ်ဆောင်ခြင်းတို့၏ ခြားနားချက်ကို တင်ပြထားပါသည်။စိတ်ဝင်စားစရာက တော့ ဖရိုဖရဲလုပ်ဆောင်ခြင်းဟုပေါလုပြောဆိုသောအခါ အနည်းဆုံးဝတ်ပြုအစည်းအဝေး၌ (ပြဿ နာများဖြေရှင်းရန်အဖြေကို တွေ့ရှိနိုင်သောနေရာ)ကျွန်ုပ်တို့အများဆုံးတွေ့ရှိနိုင်သော နှစ်သိမ့်ခြင်း တို့မှတခြားသောအရာများကို ဆိုလိုခြင်းဖြစ်သည်။ပေါလုက တခြားသူများနားမလည်သည့် တခြား သောဘာသာစကားပြောဆိုခြင်းကို မကျင့်သုံးရန်သတိပေးထားပါသည်။တခြားသောဘာသာစကား များပြောဆိုရတွင် လူနှစ်ယောက်ထက်ပို၍ များသောနေရာ၌သာပြောဆိုရမည်။အမျိုးသမီးများက ဦး ဆောင်ခြင်းမပြုရန်၊အဖွဲ့အစည်းတစ်ခုလုံး၏ ကောင်းကျိုးကိုမငဲ့ကွက်ပဲလူတစ်ဦးတစ်ယောက်၏ ပျော်မွေ့ခြင်းကိုသာ ဦးစားပေးခြင်းမပြုရန်ပေါလုကတားမြစ်ထားပါသည်။ထို့ကြောင့် သူကဤအ ကြောင်းအရာများပြောဆိုရာတွင် စနစ်ကျစွာမိန့်မှု၍ အဖွဲ့အစည်းတခုလုံးပါဝင်လှုပ်ရှားရန် တိုက် တွန်းထားသည်။

ဥပမာအားဖြင့် "မယုံကြည်သူ သို့မဟုတ် မသိသေးသောလူတစ်ယောက်" (ခရစ်ယာန်ဘာသာကို လုံးဝမသိသေးသောမယုံကြည်သူတစ်ယောက်)ထိုကဲ့သို့သော မသင့်တော်သည့်အခြေအနေ ကို ကြုံတွေ့သောအခါထိုနေရာတွင် "သူတို့သည်လည်း အသင်းသူသင်းသားတို့နှင့်လာ၍ တခြား ဘာသာစကားများကို ပြောကြပါလိမ့်မည်။" ထို့ပြင် သူတို့က "သင်တို့သည် သူရူးများဖြစ်ကြ သည်" ဟု နိဂုံးချုပ်ကြပါလိမ့်မည်။(၁ကော ၁၄း၂၃)။ပေါလုက အချင်းချင်းတစ်ယောက်နှင့်တစ် ယောက်သင့်လျော်စွာခွန်အားပေးခြင်းကို ဖော်ပြထားသည်။ပို၍ကောင်းသော အကျင့်စရိုက်သည်ထိုင် ၍ နှုတ်ကပတ်ဟောပြောခြင်းကို နားထောင်ခြင်းဖြစ်ပြီးအလွန်စိတ်ဝင်စားဖွယ်ကောင်းပေသည်။ထို့ ကြောင့် ပေါလုက ၁ကော ၁၄း၂၄-၂၅ ထဲတွင် ဤသို့မိန့်တော်မူထားသည်။"သင်းဝင်သူအပေါင်း တို့သည် ပုရောဖက်ပြု၍ နေကြစဉ်တွင် မယုံကြည်သောသူမတတ်သောသူသည် ဝင်လာလျှင် သင်း ဝင်သူအပေါင်းတို့သည် သူ၏အပြစ်ကို ဖော်ပြ၍သူ့ကိုစစ်ကြောစီရင်ကြ၏။" နောက်ဆုံးသောအကျိုး တက်ရောက်မှုသည် "ထိုသူ၏မျက်နှာကို နှိမ့်ချပြီး(၎င်းသည် အစီအစဉ်ကျသလော)သူသည် ဘုရား သခင်ကို ကိုးကွယ်၍ ထိုသူတို့ကြားထဲတွင် ဘုရားသခင်ရှိကြောင်းကို သက်သေခံရမည်"။

ပေါလုဆိုလိုသော "သင့်လျော်စွာနှင့်စနစ်ကျစွာ" တို့သည် ပါဝင်သူတို့၏ ပုရောဖက်ပြု ခြင်းအားဖြင့်ဖြစ်ပြီး၊ထိုကဲ့သို့သောအဖြစ်သည် မယုံကြည်နိုင်ဖွယ်ဖြစ်သည်။အခန်းငယ် ၁၆ထဲတွင် ညီအစ်ကိုများတို့သည် စုရုံးလာပြီးအချင်းချင်းအသိအမှတ်ပြုခြင်းအတွက် တစုံတရာကိုပြောကြသောအခါဖြစ်ပေါ်တတ်သော ပဋိပက္ခဖြစ်ခြင်းများကို ပေါလုကဆက်လက်တင်ပြထားပါသည်။ထိုကဲ့ သို့ပါဝင်ကြရာတွင် ဆာလံသီချင်းဆိုခြင်း၊သွန်သင်ခြင်း၊တခြားဘာသာစကားပြောခြင်း၊ဗျာဒိတ်ဖော်ပြ ခြင်းနှင့်အနက်ဖွင့်ပြခြင်းတို့ပါဝင်သည်။ဤကဲ့သို့သော အစီအစဉ်တို့သည် အစည်းအဝေးအစမပြုမီ ကြိုတင်ပြင်ဆင်ထားရမည်။သို့သော်တချို့သောအရာတို့သည် ကြိုတင်ပြင်ဆင်၍မရပေ။

အချိန်အနည်းငယ်ကြာလာသောအခါ(အခန်းငယ်၃၀)ပေါလုက "လူတစ်ယောက်သည်တခြား ထိုင်နေသောသူတစ်ဦးထံ တစ်စုံတရာအကြောင်းကို ဖွင့်ပြရန်" စကားပြောဆိုလျှင် ပထမစကား ပြောသောသူသည် ရပ်တန့်ပြီးထိုသူကိုစကားပြောရန် အချိန်ပေးရမည်။သူကဆက်လက်၍ အလွန် စိတ်ဝင်စားဖွယ်ကောင်းသောအရာကို ထပ်မံဖော်ပြထားပါသည်။(V.၃၁)သင်တို့အသီးသီးတယောက် နောက်တယောက် ပုရောဖက်ပြုရသောအခွင့်ရှိကြ၏။အစပိုင်းတွင်ဖော်ပြလျက်ရှိသော "သင်တို့နှစ်ဦး သို့မဟုတ် သုံးဦးတို့ရှိလျှင်ပုရောဖက်ပြုရမည်ဖြစ်၍ တခြားသူတို့က တရားစီရင်ခွင့်ရသည်" ကို အထက်က ဖော်ပြချက်နှင့်ဖျက်ခဲ့ကြည့်ပါက ပေါလုဖော်ပြချက်သည် ဆန့်ကျင်ဖက်ဖြစ်ပုံရသည်။ လူနှစ်ဦး သို့မဟုတ် သုံးဦးတို့သည်ပုရောဖက်ပြုခွင့်ရရုံသာမက "အားလုံး" ကတောင် ပုရောဖက် ပြုနိုင်သည်ဟု သူကဆက်လက်ဖော်ပြထားပါသည်။လူတစ်ယောက်က ဤသို့ဘာသာပြန်ဆိုထားပါ သည်။၎င်းသည် ပုရောဖက်ပြုသူရှိလျှင် ညီအစ်ကိုနှစ်ယောက် သို့မဟုတ် သုံးယောက်ရှိရမည်။ဤ ဘာသာပြန်ထားခြင်းသည် မှားယွင်းမှုရှိနိုင်သည်ဟု ကျွန်တော်ယူဆသော်လည်း လူအနည်းငယ်သာ ပါဝင်သော ပရိတ်သတ်စုရုံးခြင်းကို ဆိုလိုနိုင်ပါသည်။

တကယ်တန်းကျတော့ မှန်ကန်သောအနက်ဖွင့်ခြင်းသည် လူနှစ်ဦး သို့မဟုတ် သုံးဦးစုရုံး သောနေရာ အချင်းချင်းတိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ပုရောဖက်ပြုရမည်ဖြစ်သည်။ကြားနာသောသူ တို့က ထိုပုရောဖက်ပြုခြင်းသည် သိုးထိန်းကြီး၏အသံအတိုင်းသူတို့က ဖွင့်ပြောသည် သို့မဟုတ် မဖွင့်ပြောသည်ကို ဆန်းစစ်ရပေမည်(ယော ၁၀း၃-၅၊ ၁၆၊ ၂၅)ကြားနားသောသူတို့သည် သူတို့၏ နားဖြင့်ဖြစ်စေ နှလုံးဖြင့်ဖြစ်စေ

ကြားနာသည့်အတိုင်း၊ထိုအစည်းအဝေးထဲတွင် ပါဝင်သူများနှင့်တ ခြားသင်ယူသူများ(စိတ်ဝင်စားသောသူများ)ကလည်း အဆိုးဖြင့်မမြင်ပဲ အကောင်းဖြင့် တရားမျှတ စွာစကားပြောဆိုရပေမည်။

နောက်တင်ပြရမည့်အခန်းကဏ္ဍတွေထဲတွင် ပေါလုကအမျိုးသမီးများလုံးဝတိတ်ဆိတ်နေခြင်း နှင့်ပတ်သက်၍ (အမျိုးသားများကသာဦးဆောင်ခြင်းပြုရန်) ဖော်ပြရာတွင် စုရုံးရာတွင် အချင်းချင်း အားပေးတိုက်တွန်းခြင်းပြုခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်ရှိသည်။(အခန်းငယ်၃၅) "မိန်းမတို့ သည် တစုံတခုကိုသိလိုလျှင် အိမ်၌မိမိခင်ပွန်းတို့ကို မေးမြန်းကြစေ"။ထိုနည်းတူ ယောကျ်ားတို့ သည် ပရိတ်သတ်စည်းဝေးသောနေရာတွင် မေးခွန်းများမေးမြန်းရန် အခွင့်ရှိသည်။အသင်းတော်စုရုံး ခြင်း၌ တမန်တော်တို့ကဦးဆောင်၍ လွတ်လပ်စွာပါဝင်ပြီး အယောက်စီတိုင်းရင်းနှီးကျွမ်းဝင်မှုရရှိ ကာသန့်ရှင်းသော ဝိညာဉ်တော်က တက်ကြွစွာဦးဆောင်နေသည်ကို မျက်ဝါးထင်ထင်တွေ့ရှိနိုင်ပါ သည်။၎င်းစုရုံးခြင်းထဲတွင် ပါဝင်ါသူအယောက်စီတိုင်းတို့သည် ရိုးရိုးသာမန်အားဖြင့်အချင်းချင်းအား ပေးထောက်ခံရုံသက်သက်မဟုတ်(သူတပါးအတွက်စဉ်းစားပေးခြင်း)အဖွဲ့အစည်းအတွက် ကောင်းရာ ကောင်းကြောင်းကို စဉ်းစားရပေမည်။ ၄င်းအဖွဲ့အစည်းသည် ကြီးမားပါက ပါဝင်သူအားလုံးတို့ သည်ရင်းနှီးစွာပါဝင်ခြင်းမရှိနိုင်ပေ။

ကိုယ်ပိုင်အိမ်များတွင် စုရုံးခြင်းအတွက်စိတ်ဝင်စားဖွယ်ရာတစ်ခုသည် မိသားစုအနည်းငယ် သာစုရုံးခြင်းထက်သာ၍ ကြီးမားသောအဖွဲ့အစည်းကို တခါတရံကြီးမားစွာထူထောင်နိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အိမ်တို့ကို သန့်ရှင်းသူများစုရုံးသောနေရာအဖြစ်အသုံးပြုပါက ကျွန်ုပ် တို့သည် လိမ်မာ၍ဘုရားသခင်၏ နည်းလမ်းအတိုင်းဝိုင်းဝန်းပါဝင်ခြင်းဖြစ်သည်ဟု ယူဆသည်။ သက်ဆိုင်ရာအိမ်တို့၌ အလှည့်ကျအဖွဲ့အစည်းငယ်အဖြစ်စုရုံးသော အသင်းတော်တို့သည် ဘုရား သခင်က ဘိသိက်သည်ဟုပြောနိုင်မည်လော။ကျွန်ုပ်တို့သည် ကြီးမားသောအဖွဲ့အစည်းဖြစ်နိုင်ရန်အ တွက် ဆန္ဒရှိသောအခါကျွန်ုပ်တို့သည်ဘုရားသခင်၏ အကြံအစည်တော်ကို မထီမဲ့မြင်ပြုခြင်းပင် ဖြစ်သည်။

လူအယောက် ၂၀၀ ဝင်ဆန့်နိုင်သော အခန်းကျယ်တစ်ခုကို ကျွန်တော်တည်ဆောက်နိုင်ပါ က ၄င်းကအသင်းတော်ထူထောင်ပေးနိုင်ရန် ကူညီပေးနိုင်မည်လော သို့မဟုတ် ၎င်းကြီးမားသော အဖွဲ့ကို အုပ်စုငယ်ခွဲ၍ ဘုရားသခင်၏နည်းလမ်းအတိုင်းထိန်းချုပ်နိုင်မည်လောအုပ်စုငယ်များစွာ ဖွဲ့ စည်းခြင်းအပေါ်ဘုရားသခင်ဝမ်းမြောက်သည်ကို ကျွန်တော်သိရှိခဲ့သည်။ထိုကြောင့် အဖွဲ့အစည်းတ ခုခုထဲတွင်ပါဝင်သူအားလုံးတို့သည် ရင်းနှီးစွာဆက်ဆံနိုင်ရန်အတွက် အခြေခံစည်းမျဉ်းရှိသင့်သည် ကို ကျွန်တော်အကြံပြုလိုပါသည်။

၁၉၉၃ ခုနှစ်တွင် စတုတ္ထကြိမ်မြောက်မိသားစုတချို့အပါအဝင်ဇနီးမောင်နှံတို့နှင့်အတူ ကျွန်ုပ်တို့မိသားစုတို့သည်ဘုရားကျောင်းတစ်ခုကဲ့သို့ ဝတ်ပြုခြင်းအစည်းအဝေးအစပြုခဲ့ပါသည်။ နှစ်များစွာကြာလာသောအခါ ၎င်းအဖွဲ့အစည်းသည် အင်အားကြီးမားလာခဲ့သည်။ထို့ပြင်တခါတရံ အင်အားလျော့နည်းခဲ့သည်။တချို့လူတွေ၏ ခံစားချက်ကတော့ထိုအဖွဲ့အစည်းသည် အိမ်ထဲတွင် မဝင်ဆံ့နိုင်လောက်အောင် လွန်စွာကြီးမားလာခဲ့သည်။ကျွန်ုပ်တို့အတူတကွတွေ့ဆုံနိုင်သော ခန်းမတ ခုရှာဖွေရန်အတွက် ကျွန်တော်အကြံပြုခဲ့ပါသည်။သို့သော် လူတချို့တို့သည် အသင်းတော်အဖွဲ့ အစည်းမှမနှုတ်ထွက်ရန် ထိုကဲ့သို့သောစည်းဝေးခြင်းမှလွတ်မြောက်ခြင်းမရှိရန် ဘုရားသခင်ကညီ အစ်ကိုတချို့တို့ကို အသုံးပြုခြင်းပင်ဖြစ်သည်။အဖွဲ့အစည်းအင်အားရှော့လျော့ကာ အဖွဲ့အစည်းငယ် များဖွဲ့စည်းသောအချိန်သည် ဘုရားသခင်ပြင်ဆင်ပေးထားအချိန်ဖြစ်သည်ကို

တွေ့ရှိနိုင်သည်။ အချိန်ကြာလာပြီးသည့်နောက်မိသားစုအများအပြားတို့သည် တခြားဂိုဏ်းသို့ ပြောင်းလာသော ကြောင့်အိမ်တွင်စုရုံးရန်ခက်ခဲသော အင်အားကြီးမားသော အဖွဲ့အစည်းအတွက်ပြဿနာဖြေရှင်းရန် အလွန်လွယ်ကူသွားပါသည်။

မကြာသေးခင်က ကျွန်ုပ်တို့လူပ်ရှားသော သာသနာနယ်တွင် ယုံကြည်သူအများအပြား အဆမတန်တဖန်တိုးတက်လျက်ရှိသည်။California ပြည်နယ် Springfield တွင် ကျွန်ုပ်တို့၏အဖွဲ့ အစည်းသည်မိသားစုငါးစုအဖြစ် မကြာမီကတိုးတက်လျက်ရှိသည်။သူတို့၏ပတ်ဝန်းကျင်တွင်ရှိသော နယ်ချင်းဆက်နိုင်ငံတို့သည် ကျွန်တို့နှင့်အတူရင်းရင်းနှီးနှီးလျှောက်လှမ်းနိုင်ရန်အတွက် အခွင့်သင့် သောကြောင့်ဖြစ်သည်။(သို့သော် ကျွန်ုပ်တို့သည်ဘုရားသခင်ရှိသောအရပ်တွင် မိမိနှလုံးပေါင်းစည်း ၍ ဘုရားသခင်ကကျွန်ုပ်တို့ကြားထဲတွင် အလုပ်လုပ်ရန်တောင့်တမှုလိုအပ်နေသည်ကို ကျွန်ုပ်တို့ အသိအမှန်ပြုသည်)။ကျွန်ုပ်တို့ကြားထဲတွင် မိသားစုနှစ်စုတို့သည် ယခုမျက်မှောက်ကာလတွင် ကျွန်ုပ်တို့အဖွဲ့အစည်းမှ ထွက်သွားရန်ဖြစ်လာခဲ့သည်။တခြားမိသားစုနှစ်ခုတို့သည် ကျွန်ုပ်တို့အဖွဲ့ အစည်းမှ ထွက်သွားရန်ဆန္ဒရှိလာပြီးအဖွဲ့အစည်းတွင် နှလုံးသားတစ်ဝက်ဖြင့်သာ ပါဝင်နေသည်ကို တွေ့ရသည်။တခြားပါဝငါသူမိသားစုနှစ်ခုတို့က Springville အဖွဲ့အစည်းသို့ အချိန်ပြည့်ပါဝင်ခြင်း မရှိခဲ့ပေ။တခြားမိသားစုနှစ်ခုတို့က အဖွဲ့အစည်းသို့နှလုံးသားအပြည့်လုံးဝပါဝင်ခြင်းမရှိသော်လည်း အပတ်တိုင်းဝတ်ပြုခြင်းအစည်းအဝေးသို့ ပုံမှန်တက်ရောက်ခဲ့ကြသည်။နောက်ဆုံးအနေဖြင့် အပတ် တိုင်းဝတ်ပြုခြင်းအစည်းအဝေးသို့ ကြာမှတခါတက်ရောက်လေ့ရှိသော လာလည်သူမိသားစုလည်းရှိ သည်။(ဤကဲ့သို့သော မိသားစုတို့သည် ဟေဗြဲသြဝါဒစာ ၃း၁၃ ထဲတွင် ဖော်ပြထားသော ပထဝိ အနေအထားအရ “အချင်းချင်းခွန်အားပေးတိုက်တွန်းခြင်း” ကို လက်တွေ့ခံစားနိုင်ရန် ပိတ်ပင်တား မြစ်နေသည်ကို တွေ့ရှိနိုင်သည်)။

ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ခြင်းကျင်းပသောအိမ်သည် ၎င်းဝတ်ပြုခြင်း၌ မပါဝင်လိုသူများ သည်ကျွန်ုပ်တို့နှင့်အတူပါဝင်နိုင်ရန်အတွက် အချက်အခြာကျသောနေရာဖြစ်သည်ကို ကျွန်ုပ်တို့သိရှိ ခဲ့ပါသည်။ပရိတ်သတ်အဖြစ် မိမိကိုယ်ကိုအသိအမှတ်ပြုသော မိသားစုအားလုံးတို့သည်နေရာတခု ထဲ၌ တချိန်တည်းစုရုံးလျက်ရှိသည်။လူအယောက် ၉၀ ပါဝင်နိုင်သည်။ပုံမှန်ရောက်လာသည် သူတွေ သို့မဟုတ် တခါတရံလာသည့်သူတွေဖြစ်စေ ထိုဝတ်ပြုအစည်းအဝေးထဲသို့ပါဝင်လျှင် လူ အယေ၉က် ၉၀ ထက်ပိုများနိုင်ပါသည်

ဤအခြေအနေနှင့်ပတ်သက်၍ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်လုပ်ငန်းကိစ္စရပ်တို့ကို ကြားသိ နိုင်ဖို့ရန် ကျွန်ုပ်တို့သည်ဆန္ဒရှိကြပါသည်။ဘုရားသခင်က လမ်းပြပို့ဆောင်နိုင်ရန်အတွက် ကျွန်ုပ် တို့သည် ကြိုးစားကြံစည်နိုင်ပါသည်။သို့သော် ဘုရားသခင်အားဝမ်းမြောက်စေသော လုပ်ငန်းကိစ္စ ရပ်သည် မြင့်မြတ်ခန်းနားသောနေရာ သို့မဟုတ် အရာများဖြင့်သူ့ကိုချဉ်းကပ်ခြင်းမျိုးမဟုတ်ပေ။ ရှောလုမွန်မင်းကြီးက သုတ္တံ ၁၄း၁၂ နှင့် ၁၆း၂၅ ထဲတွင် “လူထင်သည့်အတိုင်းမှန်သောလက္ခဏာ ရှိသော်လည်း အဆုံး၌သေခြင်းသို့ပို့ဆောင်သော လမ်းတမျိုးရှိ၏” ဟုဖော်ပြထားပါသည်။ကျွန်ုပ်တို့ သည် နှုတ်ကပတ်တော်ထဲ၌ဖော်ပြထားသော ဘုရားသခင်၏နည်းလမ်းများကို ရှာဖွေတွေ့ရှိကျင့် သုံးပါက သူသည်အလွန်ဝမ်းမြောက်ပီတိဖြစ်သည်။ထို့ပြင် ထိုသို့ရှာဖွေမှသာလျှင် သူဦးဆောင် သည့်အတိုင်း ကျွန်ုပ်တို့လိုက်လျှောက်နိုင်ပေမည်။” ကျွန်ုပ်တို့ဘုရားသခင်ကိုချဉ်းကပ်နည်းတချို့တို့ ကိုစဉ်းစားကြပါစို့။၎င်းတို့သည်သူ၏ဦးဆောင်သည့်အတိုင်းဖြစ်နိုင်သည်။သို့မဟုတ် သူဦးဆောင် သည့်အတိုင်းမဖြစ်နိုင်ပေ။

လူတိုင်းသင့်တော်သည့်နေရာတွင် အင်အားပို၍ကြီးမားသောအဖွဲ့အစည်းအဖြစ် စုရုံးရန်အ တွက် ဘုရားသခင်သည်အလိုတော်ရှိသည်ကို ကျွန်တော်သိရှိခဲ့သော်လည်းဖြစ်နိုင်ချေတစ်ခုကတော့ တခြားသူတို့၏ ခံယူချက်သည်ဘုရားသခင်ကို ဝမ်းမြောက်စေခြင်းပင်ဖြစ်သည်။၎င်းသည်တချို့လူတွေအတွက် သံသယဖြစ်ဖွယ်ရှိသော်လည်းမှန်ကန်သော အချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် အလုပ်မလုပ်ဘဲအေးအေးဆေးဆေးနေနိုင်သည်။၎င်းလုပ်ငန်းသည်ဘုရား သခင်၏ လုပ်ဆောက်ချက်ပင်ဖြစ်နိုင်သည်။အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်တို့သည် “ရပ်တည်၍ ဘုရားသခင်၏ ကယ်တင်ခြင်းအမှုကို မြင်တွေ့သောကြောင့်ပင်ဖြစ်သည်” (၁ရာ ၂၀း၁၇)။ဖြစ်နိုင် သည့်အကြောင်းကတော့ ဘုရားသခင်က ကျွန်ုပ်တို့အားလုံး၏လုပ်ဆောင်မှုကို ပြောင်းလဲ၍တောင်း ဆိုခြင်းမပြုဘဲ ပြဿနာကိုဖြေရှင်းပေးပါလိမ့်မည်။သို့မဟုတ်စုရုံးလျက်ရှိသော ပရိတ်သတ်တို့ကို စမ်းမြောက်ခြင်းရှိရန် ဘုရားသခင်ကပြုပြင်ပေးပါလိမ့်မည်။မတိုးတက်သေးသော နိုင်ငံများတွင်စုရုံး နေကြသော ပရိတ်သတ်တို့၏ပုံပြင်များကို ကျွန်ုပ်တို့အများစုက ကြားသိပြီးဖြစ်ပါသည်။သူတို့ သည် စည်ကားစွာဖြင့်စုရုံးလျက်ရှိသည်။သို့သော် အခြေအနေများကြောင့် ယခုချိန်တွင်မိသားစုအ နည်းငယ်ကသာ ဝတ်ပြုကိုးကွယ်ခြင်းပြုရန် သူတို့၏အိမ်များကိုပေးလှူကြပါသည်။ထိုအခန်းကျဥ်း ထဲတွင် လူတိုင်းစုရုံးနိုင်ရန်အတွက် ဧည့်ဝတ်ကျေပွန်မှုကိုရှောင်ရှားရန် မလိုအပ်ပေ။

တခြားဖြစ်နိုင်သည့်အရာကတော့ (နေရာဒေသဝေးကွာနိုင်သော်လည်း) ကျွန်ုပ်တို့၏ အဖွဲ့ အစည်းထဲသို့ အတူတကွလွတ်လပ်စွာပါဝင်နိုင်သော ပရိတ်သတ်တို့ကို ဘုရားသခင်ကပို့ဆောင် နိုင်ပါလိမ့်မည်။တခြားအိမ်အသင်းတော်လှုပ်ရှားလုပ်ဆောင်သည့်အတိုင်း ကျွန်ုပ်တို့သည်လုပ်ဆောင်နိုင်ပေမည်။တဦးနှင့်တဦးရင်းရင်းနှီးနှီးဆက်ဆံအသက်ရှင်နိုင်သည်။ဘုရားသခင်၏ လမ်းပြပို့ဆောင် သည့်အတိုင်း ထိုနည်းလမ်းထဲတွင် လိုက်လျှောက်ဖို့စိတ်ဝင်စားသူများကိုလည်းရှာဖွေတွေ့ရှိကာ ကျွန်ုပ်တို့၏အဖွဲ့အစည်းထဲသို့ တခြားသူများလာရောက်ပါဝင်နိုင်ရန်လည်း ခေါ်ဆောင်နိုင်ပါလိမ့်မည်။ကျွန်ုပ်ခံယူချက်ကို ဖော်ပြရလျှင် ဘုရားသခင်လမ်းပြပို့ဆောင်ထားသည့်အတိုင်း တံခါးဖွင့် ထားရန် လိုအပ်လျက်ရှိသည်။

အိမ်အသင်းတော်လှုပ်ရှားမှုထဲတွင် ဆွေးနွေးတိုင်ပင်လျက်ရှိသော ရွေးချယ်မှုတစ်ခုသည်ကြီး မားသောအဖွဲ့အစည်းနှပ်ခုတိုးတက်ခွဲခြားမှုအားဖြင့် မျက်ဝါးထင်ထင်တိုးတက်လာခြင်းပင် ဖြစ် သည်။ထိုကဲ့သို့ဖြစ်နိုင်ရန်အတွက် နေထိုင်မှုအခြေအနေ သို့မဟုတ် တခြားနည်းဗျူဟာတချို့ပေါ် တွင် မူတည်ပါလိမ့်မည်။(နည်းဗျူဟာဟုခေါ်ရာတွင် ခေါင်းပန်းလှန်ခြင်းဖြင့် ကံစမ်းခြင်း မိသားစု အရေအတွက် သို့မဟုတ် မိသားဝင်အသက်များအားဖြင့်ဆုံးဖြတ်ခြင်း စိတ်ဝင်စားခြင်းတူညီမှု သိရှိ နားလည်သဘောပေါက်ခြင်း အယူဝါဒ စသည်တို့ကိုဆိုလိုသည်)။ကျွန်တော်သိသလောက်ဖော်ပြရာ လျှင် တခြားကိစ္စကြောင့်မဟုတ် ပထဝီအနေအထားအရ အသင်းတော်သီးသန့်ဖွဲ့စည်းတည်ရှိခြင်းတို့သည် ကောရိန္တုသြဝါဒစာပထမစောင်အခန်းကြီးတစ်ထဲတွင် တမန်တော်ရှင်ပေါလုဖော်ပြထားသောဂိုဏ်းဂဏကွဲပြားခြင်းများနှင့်ညီညွတ်မှုရှိသည်။ကျွန်ုပ်တို့ခံယူချက်တူညီသော သူများနှင့်သာ မိတ်သာဟာရဖွဲ့နိုင်ရန်အတွက် ရွေးချယ်ခြင်းသည်

အဖွဲ့အစည်းထဲတွင် ခွဲခြားမှုဖြစ်နိုင်သည့် အကြောင်းပေါ်ထွက်စေသည်ကို ကျွန်တော်တွေ့ရှိခဲ့သည်။ကျွန်ုပ်သည်ခရစ်တော်၏ မိသားစုထဲသို့ စစ်မှန်သောသင်းစစ်သူတစ်ဦးဖြစ်ပါက ကျွန်ုပ်သည်လူတိုင်းကို မိတ်သာဟာရဖွဲ့ရန်အတွက် ကြိုဆို ပါလိမ့်မည်။

ကျွန်ုပ်တို့နှင့်အတူစုရုံးလျက်ရှိသာ တခြားသူတွေကဲ့သို့မဟုတ်ဘဲ ထူးခြားစွာအသက်ရှင် သောမိသားစုတစ်ချို့သည် အဖွဲ့အစည်းမှထွက်ခွါရန် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသီးသန့်ထူ ထောင်ရန်သွေးဆောင်မှုခံရမည်ကို စိုးရိမ်စရာရှိသည်။စိတ်ဝင်စားစရာကတော့ Springville မိသားစု ဝင်မဟုတ်သောသူတို့သည် အတူတကွစုရုံးပြီး Springville မိသားစုမှသီးသန့်အဖွဲ့အစည်းတစ်ခုထူ ထောင်ပါက (ဤအဖွဲ့အစည်းထဲသို့ပြောင်းရွှေ့သူများအပါအဝင်) ထိုအဖွဲ့အစည်းနှစ်ခုတို့သည် အရေအတွက်အားဖြင့် တိကျစွာတူညီနိုင်ပါသည်။ထိုကဲ့သို့ဖြစ်ခြင်းသည် ဘုရားသခင်၏လမ်းပြပို့ ဆောင်မှုဖြစ်နိုင်ပေသည်။သို့သော် ကျွန်ုပ်၏ထင်မြင်ယူဆချက်က ထိုကဲ့သို့စိတ်ထင်တိုင်းသင်းကွဲ ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်လမ်းပြပို့ဆောင်ခြင်းကို နာခံခြင်းထက်လူတွေ၏အစွမ်းအစ ကြောင့်ဖြစ်သည်ဟု ဖော်ပြလိုပါသည်။

နှုတ်ကပတ်တော်ထဲ၌ ဖော်ပြထားသောအသင်းတော်နှင့်ပတ်သက်၍ တည်နေရာကွဲပြားခြား နားမှုတို့သည် အသင်းတော်ထူးခြားမှုကို အသိအမှတ်ပြုနိုင်ရန် တရားဝင်သောအခြေခံဖြစ်သည်။ အန္တိအုတ်၌ရှိသောအသင်းတော်သည် ယေရုရှလင်မြို့၌ရှိသော အသင်းတော်တပါးဖြစ်သည်။သို့သော် သူတို့ခံယူချက်ကျင့်သုံးမှုအချို့တို့သည် ခြားနားသည်။ခရစ်တော်၏ခန္ဓာကိုယ်တခုတည်းရှိသည်။ ကမ္ဘာပေါ်တွင်ရှိသော ယုံကြည်သူအားလုံးတို့သည် ၎င်းခန္ဓာကိုယ်ထဲတွင် ပါဝင်လျက်ရှိသည်။ သို့သော်တည်နေရာပေါ်တွင်မူတည်၍ ခြားနားသောအသင်းတော်များရှိသည်။(အများကိန်း)။(လူတွေ၏သစ္စာရှိခြင်းကြောင့်မဟုတ် အပြုအမူခြားနားမှုကြောင့်မဟုတ် သီအိုလော်ဂျီပိုင်းဆိုင်းရာ ခံယူ ချက်ကြောင့်မဟုတ်ပေ)။ယခုမျက်မှောက်ကာလတွင် တည်ရှိသောအသင်းသည် ယိုယွင်းပျက်စီး လျက်ကျိုးပဲ့နေသည့်အခါအားလျော်စွာ ထိုကဲ့သို့ပျက်စီးမှုကိုဖြေရှင်းပေးနိုင်ရန်အတွက် အသင်းတော်ကိုသခင်ယေရှုမြင်သည့်အတိုင်း မြင်နိုင်ခြင်းပင်ဖြစ်သည်။California ပြည်နယ် Springville မြို့တွင် အသင်းတော်တခုတည်းရှိသည်။ထို့ပြင် Springville မြို့၌ရှိသော ခရစ်ယာန်အားလုံးတို့ သည်ထိုမြို့၌ရှိသော အသင်းတော်၏အစိတ်အပိုင်းပင်ဖြစ်ပေသည်။Springville မြို့အသင်းတော်တွင် ရှိသော ခရစ်ယာန်အားလုံးတို့သည် တစ်နေရာတွင်ပုံမှန်တွေ့ဆုံနိုင်မည်မဟုတ်ချေ။(ထို့ပြင် ထိုကဲ့သို့တွေ့ဆုံရန်လည်းဖြစ်နိုင်မည်မဟုတ်ပေ)။လူဦးရေတိုးတက်လာခြင်းကြောင့် ကျွန်ုပ်တို့သည်မည်ကဲ့ သို့ဆုံးဖြတ်နိုင်မည်နည်း။တခြားလုပ်ငန်းကိစ္စတို့သည် အချိန်တိုင်းတွင်တွေ့ဆုံရန် အစီအစဉ်ရေးခွဲ ခြားပင်ဖြစ်သည်။ထို့ပြင် အစည်းအဝေးတွင် အယောက်စီတိုင်းကောင်းမွန်စွာပါဝင်နိုင်ရန်အတွက် သူတို့၏သင့်လျော်သည့်အချိန်ကို ဇယားပြု၍ရေးဆွဲခြင်းဖြစ်သည်။တကယ်တန်းကျတော့ ထိုကဲ့သို့ ပြုခြင်းသည် ညှိနှိုင်းတိုင်ပင်ခြင်းဖြစ်သည်။ထိုကဲ့သို့ ညှိနှိုင်းတိုင်ပင်ရာတွင် သာသနာ့နယ်မှပေါ် ထွက်လာသော ဖွဲ့စည်းထားသောအသင်းတော်များအတွက် ဦးနှောက်ကိုအသုံးပြု၍ စဉ်းစားဆင်ခြင်ခြင်းမျိုးမဟုတ်ပေ။ကျွန်ုပ်တို့သည် ဝတ်ပြုခြင်းအစည်းအဝေးကိုစော၍ လုပ်နိုင်ပြီးနောက်ကျ၍လည်း လုပ်နိုင်သည်။(ဤအကြောင်းကို ကျွန်တော်ရေးသားသောအခါ ကျွန်ုပ်သည်ပါးစပ်ပိတ်ခါနီးနီးဖြစ် သည်)။ပရိတ်သတ်တို့က အစားအသောက်ဖြင့် ကျွေးမွေးဧည့်ခံသောနေရာသို့သွားရောက်ရန် ရွေး ချယ်နိုင်ပေသည်။သူတို့သည် အလှည့်ကျပါဝင်ခြင်းကို ပြုလုပ်နိုင်သည်။ထို့ပြင် ရံဖန်ရံခါဧည့်ခံ ကျွေးမွေးခြင်း၌

လည်းပါဝင်ပျော်ရွှင်နိုင်သည်။ပရိတ်သတ်တို့ကို ကျေးမွေးဧည့်ခံပါက ပရိတ်သတ် များစွာ အစည်းအဝေးသို့တက်ရောက်နိုင်သည်ဟူသော အယူကိုစွဲကိုင်သောညီအစ်ကိုတို့က အစည်း အဝေးတိုင်းတွင်လူများစွာပါဝင်နိုင်ရန် ဧည့်ခံကျွေးမွေးခြင်းများထူးခြားစွာလုပ်ဆောင်နိုင်ပေသည်။

ဤကဲ့သို့သော အချိန်တို့သည်စိတ်လှုပ်ရှားဖွယ်ကောင်းသောအချိန်ဖြစ်သည်။အဘယ်ကြောင့် ဆိုသော် မိရိုးဖလာထုံးစံမဟုတ်သော လှုပ်ရှားမှုနည်းလမ်းအတိုင်း ဘုရားသခင်၏ဦးဆောင်လမ်းပြ မှုကို ကျွန်တော်တို့သည်တွေ့ရှိကြသောကြောင့်ဖြစ်သည်။လွန်ခဲ့သောရာစုများစွာ အချိန်တွင်ထိုကဲ့သို့ သောလှုပ်ရှားမှုများမတွေ့ရပေ။ဘုရားသခင်ရှေ့တော်၌ မိမိကိုယ်ကိုနှိမ့်ချကြပါစို့။ကျွန်ုပ်တို့သည် ဘုရားသခင်ကျေနပ်အားရနှစ်သောင်းလောက်အောင် မလုပ်ဆောင်နိုင်ကြောင်းကို ဝန်ခံကြပါစို့။ ကျွန်ုပ်တို့၏သတိုးသားအမှန်တကယ် ပျော်ရွှင်နိုင်ရန်အတွက်သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြ ပို့ဆောင်မှုကို လုံးလုံးလျားလျားမှီခိုကြပါစို့။

***- Jonathan Lindvall.***

**အပိုင်း (၂)** *(Part Two)*

ဘုရားသခင်နှင့်အတူလျှောက်လှမ်းသော ယုံကြည်သူအဖွဲ့အစည်းနှင့် အမှောင်ထုထဲသို့အ လင်းကို စေလွှတ်နိုင်သောအဖွဲ့အစည်းက ယုံကြည်သူအသစ်များရရှိသည်သည်ကို မှတ်ထားသင့်ပါ သည်။အသင်းတော်အိမ်လှုပ်ရှားမှုထဲတွင် သင်းဝင်သူတိုးတက်များပြားလာသည်နှင့်အမျှ နေရာထိုင် ခင်းသည်လည်း တိုးချဲ့ရန်လိုအပ်ပေသည်။သမိုင်းသုတေသနအရ ယုံကြည်သူတို့သည် ၄င်းပြဿ နာကိုဖြေရှင်းခဲ့ပြီးပြီ။(ထို့ပြင် ထိုကဲ့သို့ပြဿနာပေါ်ပေါက်ခြင်းသည် အလွန်ကောင်းပေသည်)။လူဦး ရေတိုးတက်လာသောအခါ သာ၍ကြီးမားသောအခန်းကို သာ၍များသောပရိတ်သတ်တို့ဝင်ဆံ့နိုင်ရန် ရွေးချယ်ရပေသည်။ထိုသို့ဆိုသော် ဓမ္မသစ်တည်ဆောက်ပုံတို့သည် လူဦးရေတိုးတက်လာသောအခါ လူနေထိုင်သော သာမန်နေအိမ်သို့ရှာဖွေခြင်းထက် အဆောက်အဦးများတည်ဆောက်ခြင်းကို မပြု လုပ်ပေ။ဓမ္မသစ်ကျမ်းထဲတွင် ဝတ်ပြုအစည်းအဝေးကျင်းပနိုင်ရန်အတွက် အဆောက်အဦးသီးသန့် မဆောက်ခဲ့ပေ။ကနဦးအသင်းတော်သည် သင့်တော်စွာဖြင့်မည်ကဲ့သို့ တိုးတက်ကြောင်းကို တမန် တော်များနှင့်ပတ်သက်သော သက်သေများကဖော်ပြထားခြင်းမရှိခဲ့ပေ။ယခုချိန်တွင် အသင်းတော်၏ လှုပ်ရှားမှုသည် ဓမ္မသစ်ထဲ၌ဖော်ပြချက်တို့နှင့်ကိုက်ညီမှုမရှိပေ။၎င်းသည် ဘုရားသခင်ထဲ၌ရှိသော လွတ်လပ်မှုကို ပြထားခြင်းဖြစ်သည်။

လူတွေက ကွဲပြားမှုကိုမလိုလားကြပေ။အဘယ်ကြောင့်ဆိုသော် တစ်ယောက်နှင့်တစ်ယောက် စကားများအဆက်အသွယ်ပြတ်ခြင်းသည် အလွန်နာကျည်းသောကြောင့်ပင်ဖြစ်သည်။တချို့လူတွေက အသစ်သောအဖွဲ့အစည်းထဲတွင် အရည်းအချင်းမရှိသော ခေါင်းဆောင်များကဦးဆောင်မည်ကို စိုးရိမ်သည်။ထိုသို့ဦးဆောင်ပါက အဖွဲ့အစည်းထဲတွင်ဘေးဒဏ်ကြီးပေါ်ပေါက်လာနိုင်သည်။တခြား ပြဿနာသည်

အဖွဲ့သစ်ထဲတွင်ရှေ့ပြေးအဖြစ်အလုပ်လုပ်ရာတွင် စသောလုပ်ငန်းကိစ္စမျိုးကို လုပ် ဆောင်ရာတွင်အသင်းတော်ကို မေ့ပျောက်တတ်ကြသည်(ရှေ့ပြေးသူတို့သည် ကြမ်းတမ်းနိုင်ပါသည်) အသင်းတော်ကွဲပြားစေသော နောက်ကြောင်းရင်းတခုသည် အသစ်သောအသင်းတော်၌ ဆုံးဖြတ် ချက်ချရာတွင် မူရင်းအသင်းတော်အလျင်ဆုံးဖြတ်ချက်နှင့်ဆန့်ကျင်ဘက်ပြုခြင်းပင်ဖြစ်သည်။ထိုသို့ ဖြစ်သောကြောင့် အသင်းတော်၌ကွဲပြားမှုကြီးနှင့် ရင်ဆိုင်နေရပါသည်။ဤကဲ့သို့သော အခြေအနေ မျိုးတို့သည်ပေါ်ပေါက်နိုင်သော အကြောင်းအရာဖြစ်သည်။ထို့ကြောင့်အသင်းတော်၌ ပါဝင်သူများ ကို လုပ်ဆောင်ရမည့်လုပ်ငန်းကိစ္စမျိုးကို လုပ်ဆောင်ရာတွင် ဖိနှိပ်ခြင်း၊အတင်းအဓမ္မဇွတ်ခိုင်းခြင်း တို့ကို မပြုအပ်ပေ။အသင်းတော်လုပ်ငန်းလုပ်ဆောင်ရာတွင် သဘောတူညီချက်ဖြင့်လုပ်ဆောင်ရ မည်ဖြစ်သည်။အမိန့်အာဏာကို မသုံးအပ်ပေ။

တခြားအရေးမကြီးသော ကွဲပြားမှုတို့သည် အသင်းတော်၌လူဦးရေလွန်စွာ တိုးတက်များ ပြားလာခြင်းကြောင့်ပြင်ဆင်မှုအတွက် ခက်ခဲခြင်း၊ရိုင်းဆိုင်းသောကလေးသူငယ်တို့ကို ထိန်းကျောင်း ရန်ခက်ခဲခြင်း၊သီအိုလော်ဂျီခံယူချက်ကို အနည်းငယ်ခြားနားပြီး ၎င်းခြားနားမှုကိုလုပ်ဆောင်ခြင်း စသည်တို့ဖြစ်ပါသည်။လုပ်ဆောင်မှုတို့သည် အရေးကြီးသည်။မိတ်ဆွေသည် အဘယ်ကြောင့်ကွဲပြား ရန် ဆန္ဒရှိကြပါသနည်း။မိတ်ဆွေ၏လှုပ်ရှားမှုသည် အတ္တကြီးသလော (သို့) မိတ်ဆွေ၏လှုပ်ရှားမှု သည် ခရစ်တော်၏ခံန္ဓာကိုယ်အတွက် အစေခံရန်ပို၍လုပ်ဆောင်ပါသလော။

တဘက်တွင် ၁ကော ၁၄ အစည်းအဝေး၌ဖော်ပြထားသည့်အတိုင်းပရိတ်သတ်အများအပြား ပါဝင်သည့်အချိန်တွင် အသစ်သောလုပ်ငန်းလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။၎င်းအစည်းအဝေး သို့လွတ်လပ်စွာပါဝင်လိုသူတို့သည် လွတ်လပ်စွာပါဝင်နိုင်ရန် ခက်ခဲလာပါသည်။အသင်းတော်သစ် တည်ဆောက်ခြင်းအတွက် တခြားသောတင်ပြချက်တခုသည် အိမ်အသင်းတော်၌လူဦးရေတိုးတက် များပြားလာပြီး အိမ်ထဲတွင်နေရာထိုင်ခင်းမလုံလောက်သောကြောင့် အသင်းတော်သစ်တည်ဆောက် ခြင်းပင်ဖြစ်သည်။ထို့ပြင် အဖွဲ့အစည်းကြီးမားပါက အချင်းချင်းရင်းနှီးကျွမ်းဝင်မှုရှိရန်နှင့် အသိအ မှတ်ပြုနိုင်ရန် အလွန်ခက်ခဲသွားပါသည်။(လူတိုင်းသည် ပိုက်ကွန်ပမာဆက်နွယ်ရန်လိုအပ်သည်)။ သေးငယ်သောအသင်းတော်ဖွဲ့စည်းခြင်းသည် နှုတ်ခပတ်တော်သက်သေခံရန် သတ္တိနည်းသူတို့ကို ရဲရင့်ခြင်းကိုဖြစ်စေပြီး အစေခံကျွန်ဖြစ်နိုင်သောသင်ခန်းစာတို့ကိုလည်း သင်ယူနိုင်ခဲ့သည်။(လုပ်ငန်း ပိုင်းဆိုင်ရာသင်တန်းများလေ့ကျင့်နိုင်သည်)။

နောက်ဆုံးအနေဖြင့် ဤအကြောင်းအရာသည် အဆုံးရှိလိမ့်မည်မဟုတ်ပေ။အသင်းတော် သည် ဘုရားသခင်၏အသုံးတော်ကို ပို၍ခံလိုလျှင်သူတပါးအတွက် ကောင်းကြီးမင်္ဂလာပို၍ဖြစ်လို ပါက အသင်းတော်ကိုသို့ပါဝင်သူ ယုံကြည်သူအသစ်တို့ကိုနွေးထွေးစွာ ကြိုဆို၍နေရာထိုင်ခင်းပြင် ဆင်ပေးထားခြင်းပင်ဖြစ်သည်။အသင်းတော်သို့ ပထမအကြိမ်လာရောက်သောသူတို့အတွက် ထိုင်ခုံ ချပေးထားရမည်။ဤအကြောင်းနှင့်ပတ်သက်၍ နှုတ်ကပတ်တော်သွန်သင်ချက်သည် အသစ်သောအ သင်းတော်တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။အသစ်သော အသင်းတော်၌အရည်အချင်းရှိသော ဦး ဆောင်သူများရှိရမည်။၎င်းဦးဆောင်သူတို့သည် အသင်းတော်ထူထောင်သောအခါ ၎င်းနှင့်နီးနီးကပ် ကပ်ဆက်နွယ်မှုရှိသည်ကို ပြသရမည်။အသင်းတော်၌ ဝိညာဉ်ဆုကျေးဇူးပိုင်ဆိုင်သူဖြစ်သော သွန် သင်နိုင်သူတေးဂီတ၌ ကျွမ်းကျင်သူရှိရမည်။အသင်းတော်၌ ပါဝင်သူတို့သည အချင်းချင်းမိမိနေ အိမ်သို့သွားရောက်ရမည်။လူကြီးလူငယ်ရောထွေး၍ ပါဝင်ရမည်။သို့သော်ခံယူချက်တစ်ခုကတော့ ဤကဲ့သို့သော

လုပ်ငန်းတို့သည်မရှိမဖြစ်လိုအပ်သောအရာမဟုတ်ပေ။အဓိကတောင်းဆိုချက်သည် ရင့်ကျက်ထိရောက်သော ဦးဆောင်မှုနှင့်အသေးစိတ်လုပ်ဆောင်ခြင်းတို့ဖြစ်သည်(တမန်တော်များ သွန်သင်ခြင်းအားဖြင့် သို့မဟုတ် မိခင်အသင်းတော်သွန်သင်ခြင်းအားဖြင့်ဖြစ်ရမည်)။အထက်တွင် ဖော်ပြထားသည့်အတိုင်း စိတ်ထင်တိုင်းလှုပ်ရှားခြင်း၊စိတ်ကြိုက်တီထွင်ခြင်း၊နေရာတိုင်းသို့မဟုတ် အချိန်တိုင်းတွင် အလုပ်ခိုင်း၍ဖိနှိပ်ခြင်းတို့မပြုအပ်ပေ။

အများအားဖြင့်အသင်းတော်များထူထောင်သောအခါ စစ်မှန်သောဆက်ကပ်သူများလည်းပါ ဝင်လာတတ်ကြသည်။ထိုသူတို့သည် လွယ်ကူစွာသိရှိနားလည်တတ်ကြပါလိမ့်မည်။သို့သော်ဓမ္မသစ် ကျမ်း၌ရှိသောနာမူနာပုံစံတည်ဆောက်မှုတို့ကို ထိုသူတို့သည်မယုံကြည်ကြပေ။ထိုသူတို့သည်အရေး ကြီးသောအဖွဲ့အစည်းပုံစံကို ဖွဲ့စည်း၍ထိုဖွဲ့စည်းချက်အတိုင်း အသက်ရှင်သူများလည်းဖြစ်ကြ သည်။သူတို့သည် လူတွေကိုခွင့်လွှတ်တတ်သည့်စိတ်ရှိကြသည်။သူတို့သည် အိမ်ထောင်မပြုပဲနိုင်ပါ လိမ့်မည်။သူတို့သည်ဆရာများအဖြစ် အလုပ်လုပ်သူများဖြစ်ကြပါလိမ့်မည်။တည်ရှိပြီးခဲ့သောအသင်း တော်မှ အသင်းတော်အသစ်ကို နောက်တဖန်မွေးဖွားလာသောအခါ ဤကဲ့သို့သောရောထွေးမှုတို့ကို ဦးဆောင်သူများက အရေးယူဆောင်ရွက်ပေးရန်လိုအပ်သည်။

အတိုချုံးအားဖြင့် အသင်းတော်တပါးသည် ခိုင်ခံ့စွာရပ်တည်ပြီးသောအခါ အခွင့်အရေးမှု တွေအများအပြားတွေ့ရပေမည်။

(၁)အသင်းတော်၌ လူဦးရေတိုးတက်မှုမရှိပဲတည်ရှိခြင်း။ဤကဲ့သို့သော အခြေအနေထဲတွင် ပထမ အကြိမ်လာရောက်သူတို့က နာကျည်းမှုကိုခံစားရပြီး ပြဿနာများပေါ်ပေါက်နေသည်ဟု တွေ့ရှိပါ လိမ့်မည်။ဤကဲ့သို့ဖြစ်ပါက အသင်းတော်သို့လာလည်သူတို့သည် နောက်တကြိမ်ပေါ်လာလိမ့်မည် မဟုတ်ပေ။မိတ်သဘဟာရအစည်းအဝေးမှ မကြာမီထွက်သွားရတော့မည်ဖြစ်ပါသည်။ဤကဲ့သို့အခြေ အနေမျိုးတို့သည် ဘုရားသခင်၏နည်းလမ်းမဟုတ်သည်ကို သေချာသည်။နိုင်ငံတော်မုန့်နယ်တုံးရှိ မုန့်များကြားထဲတွင် ဖွတ်ထားသောတဆေးသည် တိုးတက်၍ပုံ့နှံ့ရန်အတွက်ဖြစ်သည်။ကျွန်ုပ်တို့ သည် ဘုရားသခင်ကိုမဆန့်ကျင်ပဲနှင့်သူနှင့်အတူလျှောက်လှမ်းကြပါစို့။

(၂)ပိုများသော လူများဝင်ဆံ့နိုင်ရန်အတွက် ကြီးမားသောအဆောက်အအုံများထူထောင်ခြင်း ဤအ ချက်သည်လူတိုင်းရွေးချယ်သောအချက်ဖြစ်သည်။သို့သော်ဓမ္မသစ်ထဲ၌ဖော်ပြသောပုံစံ ကိုက်ညီမှု မရှိပေ။ပြဿနာသည် ပထမအကြိမ်အသင်းတော်၏ ဝတ်ပြုခြင်းအစည်းအဝေးတို့ထင်ထားသည့်အ တိုင်းအသာထက်အသင်းတော်တစ်ခုတည်းထဲတွင် လူဦးရေအဆမတန်များပြားလာသောကြောင့်ဖြစ် သည်။လူအင်အားကို ဖော်ပြရာတွင် အရွယ်အစားသည်အရေးကကြီးပေ။(ငိုကြွေးခြင်းသည် အားက စားမဟုတ်ပေ)။ကောရိန္တုသြဝါဒစာပထမစာစောင် ၁၄ ထဲ၌ ဖော်ပြထားသောစုရုံးခြင်းသည် မဖြစ် နိုင်သောအရာဖြစ်သည်။(၎င်းစုရုံးခြင်းထဲတွင် ဝတ်ပြုခြင်းအစီအစဉ်ကိုမည်ကဲ့သို့အစပြုခဲ့သနည်း)။ ပွဲတော်မင်္ဂလာသည် လူတိုင်းဝလင်စွာသုံးဆောင်နိုင်ဖို့ရန်အတွက် ဖြစ်သည်။သို့သော်ထိုကဲ့သို့ပြုနိုင် ရန်ခက်ခဲသည်။ထိုကဲ့သို့မဖြစ်နိုင်လျှင် ၎င်းပွဲတော်မင်္ဂလာထဲတွင်ပါဝင်သောသူတို့သည် ပဋိပက္ခဖြစ် ကြပါလိမ့်မည်။ရင်းနှီးမှုသည် ပျောက်ဆုံးပြီးအချင်းချင်းအသိအမှတ်ပြုခြင်းသည်လည်း ရှိတော့မည်

မဟုတ်ပေ။အမျိုးမျိုးထုတ်လွင့်မှုကို လူတွေနှင့်ရင်ဆိုင်ရသောအခါပြဿနာမျိုးစုံပေါ်ပေါက်လာတတ် သည်။အသင်းတော်သည် မိသားစုကဲ့သို့မဟုတ်တော့ပဲစီးပွားရေးကုမ္ပဏီကဲ့သို့ဖြစ်သွားပါလိမ့်မည်။

(၃)အသင်းတော်သည် ချောမွေ့စွာဖြင့်သင်းခွဲရမည်။ဖြစ်နိုင်သည့်အခြေအနေကို ကြည့်ပြီးအားသာ ချက်နှင့်အားနည်းချက်ရှိသည့်အတိုင်း ခွဲခြားရပေမည်။ထိုကဲ့သို့ ခွဲခြားရာတွင်သန့်ရှင်းသောဝိညာဉ် တော်လမ်းပြရန်လိုအပ်သည်။(အတင်းအဓမ္မစေခိုင်းခြင်းမျိုးမဟုတ်ပေ။)

(၄)အသစ်သောလုပ်ငန်းလုပ်ဆောင်ရန်အဓိက အဖွဲ့အစည်းမှသေးငယ်သောအဖွဲ့အစည်းကို စေလွှတ် ခြင်း။ဥပမာအားဖြင့် သုံးပုံနှစ်ပုံသည်နေရစ်၍ သုံးပုံတပုံသည်ခရီးထွက်ရမည်။သေးငယ်သောအဖွဲ့ အစည်းသောအသင်းတော်တည်ဆောက်ရာတွင် အသင်းတော်တည်ထောင်သူတို့သည် ဘုရားသခင် ပေးထားသော ဝန်တာစိတ်ရှိရမည်ဖြစ်သည်။လုပ်ဆောင်မှုတစ်ခုစီတိုင်းသည် အတင်းအဓမ္မဖွတ်ခိုင်း ခြင်းဖြင့် မဖြစ်ရပေ။

နောက်ဆုံးသောနေ့၌ လူတစ်ယောက်က “ကျွန်ုပ်လုပ်ဆောင်မှုသည် ဘုရားသခင်၏စိတ် တော်ဖြစ်သလော” ကျွန်ုပ်လုပ်ဆောင်မှုသည် ဘုရားသခင်၏အလိုတော်သည် အဘယ်နည်းဟု မေးသင့်ပါသည်။ကျွန်ုပ်တို့ဘုရားသခင်၏ လမ်းပြသည့်အတိုင်းနေထိုင်၍သူပြောထားသည့်အတိုင်း တွေ့ရှိကြပါစို့။

***- Steve Atkerson.***